# သမိုင်းရေး တောင်းဆိုမှု အခြေအနေများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော မြန်မာ့တပ်မတော် (၂)

—— မောင်သမ္မာဒိဋ္ဌိ ——

**အာဏာရဖဆပလ အကွဲအပြဲနှင့် မြန်မာ့တပ်မတော်**

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အကျပ်အတည်းများနှင့် အရေးပေါ် အခြေအနေများ ပေါ်ပေါက်ကာ ထိန်းမနိုင်သိမ်းမရ ဖြစ်သည့်အခါတိုင်း မြန်မာ့တပ်မတော် ခေါင်းဆောင်များသည် စစ်ရေးခေါင်းဆောင်သာမက အုပ်ချုပ်ရေးခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်များအဖြစ် နိုင်ငံတော်တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ တာဝန်သိသိသစ္စာရှိရှိ တာဝန်ယူကြရသည်မှာ သမိုင်းရေးနှင့် အမျိုးသားရေးတောင်းဆိုမှုများနှင့် လိုအပ်ချက်များက သက်သေခံလျက်ရှိပါသည်။ တကယ်တော့ ဓမ္မဓိဋ္ဌာန်ကျကျဆိုရပါလျှင် နိုင်ငံတော်၌ အန္တရာယ်အသွယ်သွယ်နှင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာတိုင်း ဦးဆောင် တာဝန်ယူဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းကြီးမှာ မယိမ်းမယိုင် ခိုင်မာတောင့်တင်းသည့် တပ်မတော်ပင် ဖြစ်ပါသည်။

အကြောင်းမှာ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သော တပ်မတော်ဖြစ်သည်နှင့်အညီ (၁)မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ (၂) စည်းကမ်းကောင်းသောတပ်မတော်ဖြစ်ခြင်း၊ (၃) သစ္စာရှိသော တပ်မတော်ဖြစ်ခြင်း၊ (၄) စည်းလုံးညီညွတ်သော တပ်မတော်ဖြစ်ခြင်း၊ (၅) စွမ်းရည်ရှိသော တပ်မတော်ဖြစ်ခြင်း၊ (၆) စွန့်လွှတ်စွန့်စားသော တပ်မတော်ဖြစ်ခြင်း၊ (၇) တစ်ဦးချင်း၏ ကိုယ်ကျိုးကိုပဓာနမထားသော တပ်မတော်ဖြစ်ခြင်း၊ (၈) စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်ခြင်း၊ (၉) အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်ခြင်း၊ (၁၀) ဇွဲ၊ လုံ့လ၊ ဝီရိယရှိသော တပ်မတော်ဖြစ်ခြင်း၊ (၁၁) ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ထားသော တပ်မတော်ဖြစ်ခြင်း၊ (၁၂) အနာဂတ် တာဝန်များအတွက် အစဉ်အသင့်ရှိနေသည့် တပ်မတော်ဖြစ်ခြင်းဟူသည့် တပ်မတော်၏ အစဉ်အလာကောင်းများကြောင့် အင်အားအတောင့်တင်းဆုံးအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်နေနိုင်ခြင်းပင် ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီး အာဏာရ ဖဆပလ အစိုးရလက်ထက်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၊ ပြည်ပတပ်များ ကျူးကျော်ဝင်ရောက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်နေရချိန်ဖြစ်၍ ဖဆပလအစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အောင် မဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဖဆပလ အဖွဲ့ကြီးအတွင်း အာဏာလုမှုများဖြစ်ပွားကာ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်။ အုပ်စုဖွဲ့ကာ ပုဂ္ဂိုလ်ရေး၊ အယူအဆရေးတို့ဖြင့် အချင်းချင်းအပြန်အလှန် ဝေဖန်တိုက်ခိုက်မှုများ တစ်နေ့တခြား ပြင်းထန်မြင့်မားလာခဲ့သည်။ အစိုးရအဖွဲ့အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲရာမှ တိုင်း၊ ဒေသ၊ ပြည်နယ်၊ မြို့နယ်များတွင်လည်း ဂိုဏ်းကွဲ၊ အုပ်စုကွဲများ ဖြစ်ပေါ်လာခဲ့သည်။

**အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်နေခဲ့ကြရ**

ဖဆပလအဖွဲ့ကြီးတွင် ဦးနု၊ သခင်တင်တို့ ဦးဆောင်ခဲ့သော နု-တင် အုပ်စု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင်သော ဆွေ-ငြိမ်း အုပ်စုဟူ၍ အုပ်စုနှစ်စု အတည်အလင်းသဘောထားကွဲခဲ့ကြသည်။ ဦးနု၊ သခင်တင်တို့က **"သန့်ရှင်းဖဆပလ"** ဟူ၍ လည်းကောင်း၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့က **"တည်မြဲ ဖဆပလ"** ဟူ၍လည်းကောင်း နှစ်ခြမ်းကွဲခဲ့ကြသည်။ ထိုစဉ်က နိုင်ငံရေးပါတီများ၏ ဂိုဏ်းကွဲများသည် ကိုယ့်အုပ်စုနှင့် ကိုယ့်နိုင်ငံရေး အာဏာရရှိရေး၊ အုပ်ချုပ်ရေး၊ အာဏာဆုပ်ကိုင်နိုင်ရေး၊ ပုဂ္ဂိုလ်ရေးအရ ခေါင်းဆောင်နေရာ ရရှိရေးတို့ကို အပြိုင်အဆိုင် ကြိုးပမ်းအားပြိုင်ခဲ့ကြရာမှ ခါးပိုက်ဆောင်လက်နက်ကိုင်အဖွဲ့အစည်းများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖွဲ့စည်းကာ အင်အားတည်ဆောက်ခဲ့ကြသည်။ ပြည်တွင်းဆူပူသောင်းကျန်းသူများကလည်း အစိုးရ၏အားနည်းချက်ကို အခွင့်ကောင်းယူပြီး တိုက်ခိုက်လာခဲ့ကြသည်။ ထိုစဉ်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှာ အစိုးရခါးပိုက်ဆောင် လက်နက်ကိုင်များ၏ ရန်ကိုလည်း ကြောက်ရ၊ သောင်းကျန်းသူတို့၏ အန္တရာယ်ကိုလည်း ကြောက်ရသော အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်နေခဲ့ကြရသည်။ မြို့နယ်များနှင့် ကျေးလက်ဒေသများ၌ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ဓားပြတိုက်မှု၊ ပြန်ပေးဆွဲမှု၊ ရွာဝင်မီးရှို့ လုယက်မှုများ နေရာအနှံ့အပြားဖြစ်ပွားခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ။

**တည်ငြိမ်အေးချမ်းသာယာမှုဘဝကို ရရှိခံစားခဲ့ကြရ**

ထိုစဉ်က စာရေးသူ၏ ကိုယ်တွေ့အရ ကလေးဘဝမှာပင် ဇာတိမြို့ဖြစ်သော သာယာဝတီခရိုင် စစ်တွင်းမြို့နှင့် အိုးသည်ကုန်း၊ ကြို့ပင်ကောက်မြို့များသည် ကေအင်ဒီအို သောင်းကျန်းသူများ၊ တောတွင်းဗကပလက်နက်ကိုင်များ၏ အကြမ်းဖက်ဖျက်ဆီးမှုကို ဆိုးရွားစွာခံစားခဲ့ကြရသည်။ သောင်းကျန်းသူများသည် ရပ်ရွာ လူထုကို လက်နက်ဖြင့်ခြိမ်းခြောက်ကာ ငွေကြေး၊ လက်ဝတ်ရတနာပစ္စည်းများကို အဓမ္မယူရုံမက လူနေအိမ်များကိုပါ မြို့လုံးကျွတ်၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့ကြသည်။ စာရေးသူ၏မိခင်မှာ ရှိရှိသမျှလက်ဝတ်ရတနာများကို ပေးလိုက်ရသည့်အပြင် နေအိမ်ကိုပါ မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် အိမ်ပြန်မဆောက်နိုင်မီ ရန်ကုန်မြို့ရှိ အစ်မ၏ အစ်ကိုကြီးမိသားစုနေအိမ်သို့ ယာယီသွားရောက်နေထိုင်ခဲ့ရသည်ကို ယနေ့တိုင် မမေ့နိုင်သေးပါ။ သောင်းကျန်းသူများသည် ဆက်ကြေးပေးနေရသည့်ကြားထဲက အကြမ်းဖက် အဖျက်လုပ်ငန်းများဖြစ်သည့် ငွေကြေး၊ ရွှေလက်ဝတ်ရတနာများ အဓမ္မတောင်းခြင်း၊ အစိုးရရုံးဌာန အဆောက်အဦများ၊ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ငွေနှင့် လက်ဝတ်ရတနာမရပါက ပစ်သတ်ခြင်းတို့ဖြင့် မင်းမူနေခဲ့ကြရာ မကြာမီတပ်မတော်စစ်ကြောင်းများမှ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ခြင်းကြောင့် စာရေးသူ၏ ဇာတိမြေနှင့် ပတ်ဝန်းကျင်ရှိ မြို့ရွာများမှာ အနက်ရောင်နယ်မြေမှ အဖြူရောင်နယ်မြေအဖြစ် ရောက်ရှိသွားကာ တည်ငြိမ်အေးချမ်းသာယာမှုဘဝကို ရရှိခံစားခဲ့ကြရပါသည်။

စာရေးသူသည် လွတ်လပ်ရေးရပြီး (၄)နှစ်ကြာမှ မွေးဖွားခဲ့သူဖြစ်ရာ ထိုစဉ်က ပြည်တွင်း သောင်းကျန်းမှု အမြင့်ဆုံးကာလဖြစ်သည်ကို သမိုင်းက ဖော်ပြနေပါသည်။ ငယ်စဉ်က ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသော သောင်းကျန်းသူများလုပ်ရပ်များကို နိုင်ငံတော်ထုတ်သတင်းစာအသီးသီးတွင် ဆောင်းပါးများရေးသားတင်ပြရုံမက မြန်မာ့အသံတွင် လွန်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်က **"ပြည်ထောင်စုသွေး"** အမည်ရှိ အသံလွှင့်ဇာတ်လမ်းကို ရေးသားတင်ဆက်ခဲ့ရာ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ(ဦး)နေအောင်၊ အကယ်ဒမီ (ဒေါ်)ရွှေစင်ထိုက်တို့ ဦးဆောင်ပါဝင်ခဲ့သည်ကို အမှတ်ရနေဆဲဖြစ်ပါသည်။ ထိုအသံလွှင့်ဇာတ်လမ်းကို ပြည်ထောင်စုနေ့ဂုဏ်ပြုဇာတ်လမ်းရော၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းပါ ထုတ်လွှင့်ခဲ့ပါသည်။ စာရေးသူကိုယ်တိုင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သော ၁၉၆၉ ခုနှစ်တွင် ထိုစဉ်က စစ်တက္ကသိုလ် အမှတ်စဉ်(၁၆) နှင့် အလုပ်သင်ဗိုလ် အမှတ်စဉ်(၁)တို့ ခေါ်ယူနေချိန်ဖြစ်ရာ စာရေးသူ၏ ယာဘက်မျက်လုံးတွင် တိမ်သလ္လာစွဲနေခဲ့သဖြင့် ခွဲစိတ်ပြီး မျက်မှန်တပ်ရသောကြောင့် ဝင်ခွင့်စာမေးပွဲကို မဖြေဆိုနိုင်တော့ဘဲ စွန့်လွှတ်ခဲ့ရပါသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားပြီးနောက် ပုံနှိပ်မီဒီယာခေါ် စာနယ်ဇင်းဆိုင်ရာ အရာထမ်းအဖြစ် တာဝန်ထမ်းဆောင်ဖြစ်သွားခဲ့ပါသည်။

**ပြိုကွဲရတော့မည့် အခြေအနေဆိုးကြီး ဆိုက်ရောက်ခဲ့**

၁၉၅၈ ခုနှစ်တွင် နယ်မြေဒေသအနှံ့၌ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု၊ ဓားပြတိုက်၊ ပြန်ပေးဆွဲမှု၊ ရွာဝင်မီးရှို့၊ လုယက်မှု၊ အနုကြမ်းစီးမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေးပါတီများ၏ ခါးပိုက်ဆောင်တပ်များ၏ အားပြိုင်မှုများကြောင့် နိုင်ငံတော်တွင် အုပ်ချုပ်ရေးပျက်ပြားပြီး ပရမ်းပတာ ပြိုကွဲရတော့မည့် အခြေအနေဆိုးကြီးသို့ ဆိုက်ရောက်ခဲ့သည်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်ကပင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် **"အိမ်စောင့်အစိုးရ"** (Caretaker Government) အဖြစ် တာဝန်ယူပြီး နိုင်ငံတော်တာဝန် အရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအား လွှဲအပ်ပေးခဲ့ရသည်။

၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရတာဝန်ကို ယူခဲ့ရသော တပ်မတော်သည် တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် လုံခြုံရေးကော်မတီများကိုဖွဲ့စည်းကာ နိုင်ငံတော်တစ်ဝန်းတရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများကိုလည်း ထိရောက်စွာ နှိမ်နင်းနိုင်ခဲ့သည်။ တပ်မတော်သည် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လုံခြုံလွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးကာ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့်

*စာမျက်နှာ ၁၃ သို့*

**ယခုအချိန်တွင် နိုင်ငံရေးမသမာသူများ၊ နိုင်ငံရေးမိစ္ဆာဒိဋ္ဌိတို့သည် "ဖေ့စ်ဘွတ်" ကို တလွဲအသုံးချကာ အမှန်ကို အမှားလုပ်၊ အမှားကို အမှန်လုပ်၍ "သတင်းလုပ်ကြံမှုများ" ဖြင့် လူငယ်လူရွယ်ကလေးများကို သွေးထိုးလှုံ့ဆော် အကြမ်းဖက်ခိုင်းသကဲ့သို့ ထိုစဉ်က နိုင်ငံခြားအသံလွှင့်ဌာနများဖြစ်ကြသည့် "ဘီဘီစီ" "ဗွီအိုအေ" တို့ကလည်း မဟုတ်မမှန် လုပ်ကြံသတင်းများဖန်တီး၍ "၈၈ အရေးအခင်းကြီး"ကို အရှိန်မြင့်သည်ထက်မြင့်အောင် သွေးထိုးလှုံ့ဆော်ပေးခဲ့**

# အီစတာပွဲတော်ကာလအတွင်း တင်းကျပ်သည့်စည်းကမ်းများ ချမှတ်သွားမည့်အစီအစဉ်ကို အင်ဂျလာမာကယ် စွန့်လွှတ်

ဘာလင် မတ် ၂၅

**ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်သည် အီစတာပွဲတော် အားလပ်ရက်ကာလအတွင်း ကိုဗစ် -၁၉ တင်းကျပ်သည့်စည်းကမ်းချက်များကို ချမှတ်သွားရန် အစီအစဉ်ကို စွန့်လွှတ်လိုက်ကြောင်း ကြေညာခဲ့သည်။ တင်းကျပ်သည့်ကန့်သတ်ချက် ပြုလုပ်မည်ဟု ကြေညာခဲ့ပြီးနောက် နောက်ရက်တွင် ယခုလို ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။**



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်။

ဧပြီလရက်မှစတင်ကာအစားအသောက်ရောင်းချသည့်ဆိုင်မှလွဲ၍ စတိုးဆိုင်များအားလုံး ငါးရက်ကြာ ပိတ်ထားရန်အတွက် မတ် ၂၂ ရက်တွင် အင်ဂျလာမာကယ်က ကြေညာခဲ့သည်။ ဧပြီ ၃ ရက်တွင် ဆိုင်အားလုံး ပိတ်သွားရမည်ဟု ကြေညာခဲ့သည်။ အီစတာပွဲတော် အလွန်ကာလ၌ ရောဂါကူးစက်မှုများကို ကာကွယ်ရန်အတွက် ရည်ရွယ်ကာ ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။


အီစတာပွဲတော်ကာလတွင် မိသားစုများ အတူတကွ စုဝေးကြသည်။ ယင်းကဲ့သို့ပြုလုပ်သည့်အတွက် ပြည်သူများအနေဖြင့် အစားအသောက် ဝယ်ယူစုဆောင်းမှုများ ပြုလုပ်လာပြီး ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာများဖြစ်လာနိုင်သည်ဟု ဝေဖန်သူများက ပြောသည်။ အာဏာရပါတီအတွင်း၌ပင် ကန့်ကွက်သံများ ထွက်ပေါ်ခဲ့သည်။

ထို့နောက် ယင်းအစီအစဉ်နှင့် ပတ်သက်ပြီး မတ် ၂၄ ရက်တွင် ပြန်လည်ပြောင်းလဲခဲ့ပြီး အတွေးအခေါ်အမှားမျှသာဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်း၏ အမှားသာဖြစ်ကြောင်း၊ မသေချာမှုများ ဖြစ်ခဲ့ရသည့်အတွက် တောင်းပန်ကြောင်းလည်း အင်ဂျလာမာကယ်က ပြောခဲ့သည်။

ဂျာမနီနိုင်ငံတွင် နောက်ထပ်ကူးစက်မှုများ တစ်ဖန်ပေါ်ပေါက်နေပြီး ကူးစက်မှု၏ ၇၀ ရာခိုင်နှုန်းမှာ ဗြိတိန်တွင် တွေ့ရှိရသည့်ဗီဇပြောင်း ကိုဗစ်- ၁၉ ဖြစ်သည်။

ကာကွယ်ဆေးထိုးရာတွင် နှောင့်နှေးကြန့်ကြာမှု ကာလရှည်ကြာ အသွားအလာကန့်သတ်ပိတ်ဆို့မှုတို့အပေါ်တွင် ပြည်သူလူထု၏ စိတ်ပျက်မှုများ ကြီးစိုးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ သုံးသိန်းကျော်အထိရှိလာ

ရီယိုဒီဂျနေးယိုး မတ် ၂၅

ဘရာဇီးနိုင်ငံတွင် မတ် ၂၃ ရက်က ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၂၀၀၉ ဦး တိုးလာရာ စုစုပေါင်း သေဆုံးသူ အရေအတွက်မှာ ၃၀၀၆၈၅ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ဆုံးရရှိသည့် အချက်အလက်များအရ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်ပြီးလျှင် ဒုတိယမြောက် သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်သည်။ မတ် ၂၂ ရက်ကလည်း ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၃၂၅၁ ဦးဖြင့် စံချိန်တင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၈၉၉၉၂ ဦး တွေ့ရှိခဲ့ပြီး ကိုဗစ်- ၁၉ စတင် ကူးစက်ခဲ့ချိန်မှစ၍ နေ့စဉ်ကူးစက်မှုတွင် တတိယမြောက် အများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသူ ၁၂၂၂၀၀၁၁ ဦး ရှိသည်။

မတ် ၂၂ ရက်တွင် ဘရာဇီးနိုင်ငံ၌ လူပေါင်း ၁၇ ဒသမ ၁ သန်းကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကာကွယ်ဆေး တင်ပို့မှုများနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂက နောက်ထပ်စည်းကမ်းသတ်မှတ်ချက်များ ချမှတ်သွားမည်

ဘရပ်ဆဲလ် မတ် ၂၅

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ပြည်ပသို့ တင်ပို့မှုနှင့် ပတ်သက်ပြီး နောက်ထပ်တင်းကျပ်သည့် ထိန်းချုပ်မှုများ ကျင့်သုံးသွားရန် စီစဉ်ထားကြောင်း ဥရောပသမဂ္ဂက ကြေညာခဲ့သည်။ ဇန်နဝါရီလအတွင်းက ကာကွယ်ဆေးတင်ပို့မှုနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂက တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ခဲ့သည်။

အဖွဲ့ကြီးအတွင်း ကာကွယ်ဆေးပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှုများ ပေါ်ပေါက်လာသည့်အတွက် ယင်းကဲ့သို့ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ မတ် ၂၄ ရက်တွင် ဥရောပကော်မရှင်က နောက်ထပ်စံနှုန်းသတ်မှတ်ချက်ကို ချမှတ်ခဲ့သည်။ ကာကွယ်ဆေး သို့မဟုတ် ကာကွယ်ဆေးပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းတင်ပို့မှုကို သက်ဆိုင်ရာနိုင်ငံက ကန့်သတ်ခွင့်အတွက် စဉ်းစားပေးသွားမည်ဖြစ်သည်။

ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာပညာရပ်အခြေအနေ၊ ကာကွယ်ဆေးထိုးပေးနိုင်မှုနှုန်းတို့တွင် နိုင်ငံတစ်နိုင်ငံမှာ အီးယူအဖွဲ့ဝင်နိုင်ငံများထက် အခြေအနေဆိုးရွားခြင်း ရှိ မရှိကို အကဲဖြတ်သွားမည်ဖြစ်သည်။

ဗြိတိန်ဆေးဝါးကုမ္ပဏီဖြစ်သည့် အက်စ်ထရာဇနီကာကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများဖြစ်ပေါ်လာပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ကြီးက ယခုလို ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခု ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အသစ်ကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများတွင် ကာကွယ်ဆေးရရှိရန် ထောက်ပံ့ပေးမှု၌ သက်ရောက်မှုများ ရှိလာနိုင်သည်။

**အင်န်အိတ်ချ်ကေ**



ကိုဗစ် -၁၉ ကာကွယ်ဆေးများ။

# ကိုဗစ် -၁၉ ကူးစက်မှုများနှင့် သေဆုံးမှုများတိုးလာသည်ဟု ဆူဒန်ကျန်းမာရေးဝန်ကြီးသတိပေး

ခါတွန် မတ် ၂၅

ဆူဒန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုနှင့် သေဆုံးမှု များလာသည်ဟု ဆူဒန်နိုင်ငံ၏ အရေးပေါ်ကျန်းမာရေးကော်မတီက မတ် ၂၄ ရက်တွင် သတိပေးပြောကြားခဲ့သည်။ အဆိုပါ ကော်မတီသည် မတ် ၂၄ ရက်တွင် အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ပြီး ကိုဗစ်- ၁၉ ကပ်ရောဂါကို ရင်ဆိုင်နိုင်ရေးအတွက် လိုအပ်သည့် တင်းကျပ်မှုများ ပြုလုပ်နိုင်ရေး ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

လတ်တလော အစီရင်ခံစာများအရ ခါတွန်နှင့် ဂျီဇီရာတို့တွင် ကိုဗစ်- ၁၉ ကူးစက်မှုနှင့် သေဆုံးမှုနှုန်းတိုးလာကြောင်း ဆူဒန်နိုင်ငံ၏ကျန်းမာရေးဝန်ကြီး အိုမာအယ် နာဂျိဘ်က သတင်းထုတ်ပြန်ခဲ့သည်။ ခါတွန်မြို့၏ လက်ရှိအခြေအနေများမှာ စိုးရိမ်စရာကောင်းပြီး အထူးသဖြင့် ကျောင်းသားများနှင့် ဆရာများအတွက် စိုးရိမ်ရသည်ဟု သိရသည်။

ကိုဗစ်- ၁၉ ကုသရာတွင် အောက်ဆီဂျင်လိုအပ်ချက်နှင့် အခြားသော အကူအညီပစ္စည်းများ ကင်းမဲ့မှုတို့ကို ဆူဒန်ဝန်ကြီးများက ပြောဆိုခဲ့ကြသည်။ စာသင်ကျောင်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် လူထုစုဝေးရာနေရာများတွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်၊ ပိုးသတ်မှုများ လုပ်ဆောင်ရန်နှင့် လူမှုဝေးကွာအစီအစဉ်များအတိုင်း လိုက်နာကြရန်လည်း ၎င်းက ကြေညာခဲ့သည်။

ကျန်းမာရေးလုပ်သားများ၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် အုပ်စုဝင်များကို ပစ်မှတ်ထားကာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးမည်ဟု ၎င်းက ကြေညာခဲ့သည်။

ဆူဒန်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ် -၁၉ ကူးစက်ခံထားရသူ ၂၉၅၄၂ ဦး ရှိပြီး သေဆုံးသူ ၂၀၀၃ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ဆူပူအကြမ်းဖက်လူစုလူဝေး ထိန်းသိမ်းခြင်းများ၊ ဆူပူအကြမ်းဖက်သူ လူစုလူဝေးများမှ အများပြည်သူသုံး လမ်းမကြီးများနှင့် လမ်းသွယ်များတွင် ပြုလုပ်ထားရှိသော အတားအဆီးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများအား ဆောင်ရွက်နေသကဲ့သို့ အကြမ်းဖက်မှုလုပ်ရပ်များတွင်အသုံးပြုရန်အတွက် ရည်ရွယ်ပြုလုပ်ထားရှိသော လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဖော်ထုတ်ဖမ်းဆီးခြင်းများကိုလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွှေနံ့သာစံပြ ကျေးရွာအုပ်စု၊ ဂန္ဓမာ(၇)လမ်းနေ ဒေါ်သန္တာမိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်သန္တာမိုးအား မတွေ့ရှိရဘဲ ၎င်း၏ခဲအိုဖြစ်သူ စည်သူဝင်း (၄၈)နှစ် (ဘ ) ဦးတင်ဝင်းအား တွေ့ရှိသဖြင့် ထိန်းသိမ်းပြီး ဆက်လက်ရှာဖွေခဲ့ရာ စည်သူဝင်းထံမှ နံပါတ်တုတ် ၁ ချောင်း၊ အပြာရောင်ကော်ဦးထုပ် ၁ လုံး၊ လေးခွ ၁ လက်၊ လောက်စာလုံး ၃၀၊ ဂျင်ကလိပစ်လေးခွ ၂ လက်နှင့် ဂျင်ကလိ ၁၄ ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ သောကြာဆွမ်းလောင်းအသင်း ဓမ္မာရုံအား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မျိုးလွင် (၄၁)နှစ် (ဘ) ဦးတင်ငွေ၊ အောင်ကျော်ဦး (၃၅)နှစ် (ဘ) ဦးငွေလှိုင်၊ အောင်ဖြိုး (၂၄)နှစ် (ဘ) ဦးချစ်လှိုင်၊ သီဟနိုင် (၂၃)နှစ် (ဘ) ဦးကိုငွေးနှင့် ထွန်းနိုင်ဝင်း (၃၆)နှစ် (ဘ) ဦးဝင်းကြည်တို့ (၅)ဦးအား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော ဂက်(စ်)သေနတ် ၅ လက်၊ လက်လုပ်ဗုံးသီး ၁၆ လုံး၊ မီးစာကြိုးတပ်ခွတ်ဆီပုလင်းမျိုးစုံ ၁၁၁ လုံး၊ လေးမြှောင့်ဆူးချွန် ၂၂၀ ခု၊ ဂျင်ကလိမျိုးစုံ ၉၀ ချောင်း၊ ကျည်ကာမျိုးစုံ ၆ ထည်၊ ဓားမျိုးစုံ ၁၁ ချောင်း၊ သံဒိုင်း ၁၀ ခု၊ စကားပြောစက် ၃ လုံးနှင့် အလေးချိန် ၃ ကျပ်သားခန့်ရှိ ကာပိုက်ယမ်းအထုပ်ငယ် ၂၂၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။



သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်း များနှင့်အတူ ဖမ်းဆီးရမိသူများအား တွေ့ရစဉ်။

ဆက်လက်၍ ကြိုတင်သတင်းရရှိထားသည့် ဘုရင့်နောင်လမ်းအတွင်း ရပ်တန့်ထားသော YGN 4D-8296 SURF အနက်ရောင်ယာဉ်ကို ရှာဖွေရာ ယာဉ်နှင့်အတူ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ် ၂ လက်၊ ဂက်(စ်)ဘူးအသေး ၂၈ ဘူး၊ အဖြူရောင်ထိပ်ချွန်ခမောက် ၁၀ လုံးတို့အား ပိုင်ရှင်မဲ့ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သတင်းအရ ညောင်တုန်းမြို့၊ (၇)ရပ်ကွက်နေ နေဝင်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေဝင်းထွန်း (၃၃) နှစ် (ဘ) ဦးတင်ငြိမ်းအား တွေ့ရှိဖမ်းဆီးရမိပြီး ၎င်းခြံဝင်းအတွင်းမှ သံဘောစေ့ဖြင့် ပစ်ခတ်ရသော လက်လုပ်လေသေနတ် ၃ လက်နှင့် ပြုလုပ်ဆဲ လေသေနတ် ၁ လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်၍ အဆိုပါရပ်ကွက်နေ စောသန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စောသန်းအောင် (၄၄)နှစ် (ဘ) ဦးမောင်သန်းအား နေအိမ်တွင် မတွေ့ရှိရဘဲ ၎င်းနေအိမ်ခြံဝင်း အတွင်းမှ ဂျင်ကလိ ၂၄ ချောင်း၊ သံဖြတ်စက် ၁ ခုနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး စောသန်းအောင်အား နံနက် ၁၁ နာရီခွဲခန့်တွင် ညောင်တုန်းမြို့နယ် အသင်းစုကျေးရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ နံနက် ၁၀ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ အုပ်စု (၃)၊ ကန္ဒရဝတီလမ်း၊ အိမ်အမှတ် (မ-၁၆၄)ရှိ "7 Star" ကုန်စုံဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါ ဆိုင်ရှင်ဖြစ်သူ ကျော်ပိုင်ဖြိုး (၂၈)နှစ် (ဘ) ဦးလှမြင့်အား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ခဲကျည် (၂၅)ဘူး၊ ခဲကျည် ၁၅၀ ခန့်ပါ အထုပ် ၁ ထုပ်၊ သံဘောစေ့(၂၀)ဘူး၊ သံဘောစေ့ ၅၀ လုံးပါ အထုပ် ၂၅ ထုပ်၊ ယမ်းကတ် ၆ ဘူး၊ စပရိန်ဆိုဒ်စုံ ၁၆ ချောင်း၊ ၄ လက်မခန့်ရှိ ခဲပြား ၁ ပြား၊ အလျား ၉ လက်မခန့်ရှိ ခဲချောင်း ၁ ချောင်း၊ လေသေနတ်အတို ၁ လက်၊ ပြုလုပ်ဆဲလေသေနတ် ၁ လက်နှင့် လက်လုပ်သေနတ်များ ပြုလုပ်ရာတွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ။



လှိုင်ကော်မြို့နယ်နေ ဇော်မျိုးဝင်းအား ဆူပူအကြမ်းဖက်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နေရာဒေသအချို့တွင် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များ၌ အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၂၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နေရာဒေသအချို့တွင် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များ၌ အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ် ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၃၀ ခန့်က ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်နက်ကိရိယာများ သိမ်းဆည်းထားရှိကြောင်း သတင်းအရ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက်၊ (၈)လမ်းနေ ဝေယံငွေး (ခ) ဝေယံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း ဝေယံငွေး(ခ) ဝေယံ (၂၃)နှစ် (ဘ) ဦးကျော်နိုင် အပါအဝင် တစ်ရပ်ကွက်တည်းနေ ဖြိုးမင်းကို (၂၂)နှစ် (ဘ) ဦးညီညီလွင်နှင့် မင်းကိုဦး (၂၈)နှစ်၊ (ဘ) ဦးညိုဝင်း တို့ ၃ ဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ဂက်(စ်) သေနတ် ၁ လက်၊ သံဘောစေ့ (၁၀၀)ပါသံဘူး ၂ ဘူး၊ သံဘောစေ့ကြီး ၂ လုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ၃ ခုနှင့် ကျည်ကာအင်္ကျီ ၁ ထည် တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ဝေယံငွေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေနေစဉ် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်၌ လူစုလူဝေးအင်အား ၃၀ ခန့်မှ စုဝေးရောက်ရှိလာပြီး ဆူပူဆန္ဒပြနေသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့် ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၉ နာရီတွင် လူစုကွဲသွားခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အောင်သဇင်ဓမ္မာရုံသို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ရဲလင်းထက် (၂၁)နှစ် (ဘ) ဦးအောင်လင်း၊ ဖွဲ့သီဟ (၂၀)နှစ် (ဘ) ဦးကိုကိုအောင်၊ ဇင်မင်းပိုင် (၁၂)နှစ် (ဘ) ဦးအေးပိုင်၊ အာကာဦး (၁၇)နှစ် (ဘ) ဦးသန်းနိုင်စိုးနှင့် သက်ပိုင်ဦး (၁၇)နှစ် (ဘ) ဦးသံချောင်းတို့ ၅ ဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ဓမ္မာရုံအတွင်းမှ ဂျင်ကလိအချောင်း ၅၀ ၊ ကျည်ကာအင်္ကျီ ၅ ထည်၊ လက်လုပ်ဗုံး ၅ လုံး၊ ဓား ၂ ချောင်း၊ မီးခိုးကာ မျက်မှန် ၉ ခု၊ ကယ်ဆယ်ရေးအင်္ကျီ ၁၀ ထည်နှင့် ဆက်စပ်ပစ္စည်း ကိရိယာများ သိမ်းဆည်းရမိခဲ့ကြောင်း။



ထားဝယ်မြို့၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ကိရိယာများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

